ရွှေအမြုတေ မဂ္ဂဇင်း
(၁၀)နှစ်ပြည့်အထူးထုတ်

# ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်ဆန်း

# ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး

မောင်စိုးထိုက် (သုံးဆယ်)



ယခုရေးသားတင်ပြမည့်အကြောင်းအရာသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် စေတီတော်မြတ်ကြီးဝန်းကျင်မှ အံ့သြဖွယ်အတွေ့အကြုံထူးများအနက် အစိတ်အပိုင်းတစ်ခုသာဖြစ်ပါကြောင်း ဦးစွာ ဝန်ခံလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် အခန်းဆက်ဖြစ်စေ၊ လုံးချင်းဖြစ်စေ ရေးသားမှ ပြည့်စုံမည့်အကြောင်းအရာများစွာ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် အေးအေးဆေးဆေး အချိန်ယူရေးသားသင့်သည့် အကြောင်းအရာကို ယခုဘာကြောင့် မြန်မြန်ဆန်ဆန် ရေးချင်စိတ်ပေါ်လာရသနည်းဟု မေးစရာအကြောင်းရှိလာပါသည်။

၂၀၀၃ ခုနှစ်၊ ဇွန်လထုတ် ရောင်ပြန်မဂ္ဂဇင်း အမှတ်(၁၀၁)၊ စာမျက်နှာ(၁၇) 'လူတွေသိ၍ နတ်တွေကြားစေ' ကဏ္ဍတွင် စာရေးသူမိသားစုမှ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအတွက် ရွှေစင်ရွှေပြားအလှူနှင့် အခြားသာသနာရေးဆိုင်ရာ လှူဒါန်းမှုမှတ်တမ်းအား ဓာတ်ပုံနှင့်တကွ ဖော်ပြပါရှိလာသဖြင့် စာရေးသူ၏မိတ်ဆွေအတော်များများက ဖုန်းဖြင့်တစ်မျိုး၊ လူကိုယ်တိုင်ဖြင့်တစ်ဖုံ စိတ်ဝင်တစား မေးလာကြပါသည်။

"ကိုစိုးရှိန် (စာရေးသူ၏အမည်ရင်း) ထီပေါက်လို့လား"

"ကိုစိုးထိုက်. . ။ ဘယ်က ငွေတွေရလို့လဲ"

စသည် စသည်ဖြင့် တချို့က ဤလှူဒါန်းမှုအပေါ် သာဓုခေါ်လို၍ မေးကြခြင်းဖြစ်ပါသည်။ အချို့က အချောင်ရတဲ့ငွေထင်ပြီး နည်းလမ်းတောင်းလို၍ မေးပုံပေါ်ပါသည်။ ကျွန်တော်သည် ယခုမှလှူသူ မဟုတ်ပါ။ ကျွန်တော့်အမေ (ကွယ်လွန်သူ မိခင် ဒေါ်အုန်းရီ) သည် အလွန်ဆင်းရဲသူဘဝမှ တင့်တောင့်တင့်တယ်ဘဝရောက်ပြီး ကွယ်လွန်ချိန်အထိ နိုင်ရာကို လှူဒါန်းလေ့ရှိသူဖြစ်ပါသည်။ ကျွန်တော်ကလည်း (အမေ့သားပီပီ) လမ်းဘေးအိပ်စားဘဝမှ ယနေ့အထိ နိုင်ရာကို လှူဒါန်းလာရာ (၇၅)ကြိမ်မြောက်သွေးလှူရှင်အဖြစ်လည်းကောင်း၊ ရှင်(၂၄၈)ပါး၊ ရဟန်း(၂၀)ပါး၊ သီလရှင်(၇၈) ပါးတို့၏ တစ်ဦးတည်းဒါယကာ၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ လမ်းတံတားပြုပြင်မွမ်းမံတည်ဆောက် အလှူရှင်အဖြစ်လည်းကောင်း လှူဒါန်းခဲ့ရာ ငွေကျပ် သိန်း(၁၄၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။

ဤသို့ လှူဒါန်းနိုင်ခြင်းအား ကြွားဝါလိုခြင်းမဟုတ်ဘဲ 'တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်' ဆိုသည့်အတိုင်း ရည်မှန်းချက်ကြီးကြီးထားလုပ်ကိုင်လျှင် အတိတ်ကံကလည်းပါ၊ ပစ္စုပ္ပန်ကံကလည်းကောင်း၊ လုံ့လဝီရိယကလည်းမလျော့လျှင် ဤအလှူသည် သေးနုပ်နေပါသေးသည်။

စာရေးသူ အခုလို လှူဒါန်းနိုင်ခြင်းနှင့် ကျိုက်ထီးရိုးဝန်းကျင် အတွေ့အကြုံထူး မည်သို့ဆက်စပ်သည်ကို သိလိုကြမည်ထင်ပါသည်။ အကျယ်ရေးမှပြည့်စုံမည်ဖြစ်သော်လည်း ယခု အကျဉ်းမျှ ဖော်ပြပါမည်။

အဓိက စာရေးသူ၏ဆုတောင်းကြောင့် ဆုတောင်းပြည့်ခဲ့ခြင်းဖြစ်သည်ဟု ခံယူမိသလို ယုံကြည်မိပါသည်။ စာရေးသူသည် အလွန်ဆင်းရဲသောဘဝမှ ယခုအခြေအနေရောက်လာသည်မှာ ထီအကြီးအကျယ်ပေါက်၍ မဟုတ်ပါ။ သို့သော် ယနေ့အထိ ထီ(၅၁)ကြိမ်ပေါက်ဖူးသူဖြစ်ပါသည်။ ထီတစ်စောင် နှစ်ကျပ်တန်ခေတ်က (၅၀၀၀ဝိ/-)ဆုကြီးပေါက်ခဲ့သည်မှလွဲ၍ (၇၀ဝိ/-)၊ (၁၅၀ဝိ/-)၊ (၅၀၀ဝိ/-) ဆု၊ ယခုခေတ် သုံးလုံးတူ (၁၀၀၀ဝိ/-) ဆုများသာဖြစ်သည်။ အဖမဲ့သား မိခင်မုဆိုးမကြီးနှင့် အကြော်လည်ရောင်း ဘဝစခဲ့ရသော ကျွန်တော့်ဘဝတွင် အဘယ်အမွေမှလည်း မရခဲ့ပါ။ သို့သော် ကျွန်တော်ကြိုးစားသည်။ လုံ့လဝီရိယစိုက်သည်။ အများသူငါကို ကိုယ်နိုင်သည့်ဘက်မှ အကူအညီပေးသည်။ ရည်မှန်းချက်ကြီးကြီးထားသည်။ အနိမ့်ဆုံး အမေ့ကို တိုက်နဲ့နေ၊ ကားနဲ့သွားနိုင်တဲ့အထိ ကျွန်တော်ထားချင်ခဲ့သည်။ ကလေးဘဝ၊ ကလေးအတွေး၊ ကလေးရည်မှန်းချက် ဆိုသော်လည်း တကယ်ဖြစ်လာခဲ့သည်။

ကျွန်တော့်ငယ်ဘဝသည် အစစချို့ငဲ့ ချို့တဲ့သည်။ ဦးလေးဝမ်းကွဲဦးမြအေး၏ နှစ်စဉ် နိဗ္ဗာန်ကူးတို့ ဘုရားဖူးပို့ခရီးစဉ်တွင် အမေ့ကို ခေါ်သည့်အခါ ကျွန်တော်လိုက်ခွင့်ရသည်။ အမေ့ကို အမေ့မောင်တွေက လေးစားချစ်ခင်ကြသည်။ ဦးစားပေးကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်နေတာလည်း ပါမည်ထင်ပါသည်။

၁၉၆၆ ခုနှစ် ဘုရားဖူးခရီးစဉ်က ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ခရီးစဉ်ဖြစ်သည်။ ကျွန်တော့်အသက် (၁၆) နှစ်သာရှိသေးသည်။ ကျွန်တော်က (၇) နှစ်သားလောက်မှ စကားပြောတတ်၊ လမ်းလျှောက်တတ်သူမို့ ကျွန်တော့်

အတွက် ကျိုက်ထီးရိုးခရီးစဉ်က (၉) နှစ်သားအတွေး၊ (၉)နှစ်သားဆန္ဒတွေလောက်သာ ရှိမည်ထင်ပါသည်။ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ကြားဖူးသောဘုရားကို မြင်ဖူး၊ တွေ့ဖူး၊ ဘုရားဖူးလိုသောစိတ်က ကျွန်တော့်တွင် ပြင်းထန်နေခဲ့သည်။ သို့သော် ကျွန်တော်နှင့်အတူ ဘုရားဖူးကားပေါ်ပါ ဘုရားဖူးများသည် ဘုရားအား ဖူးခွင့်မကြုံဘဲ အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်ကိုပင် ကျေးဇူးတင်နေရသေးသည်။

ကျွန်တော်တို့သည် ကင်ပွန်းစခန်းမှ တောင်စဉ်အတိုင်းတက်ခဲ့ကြရာ ကျိုက်ထီးရိုးစေတီတော်ကြီးအား ထင်ထင်ရှားရှားဖူးတွေ့ခွင့်ရသော 'ရွှေရင်သာ' စခန်းအရောက်တွင် ဘုရားဖူးတိုင်း စိတ်ကြည်နူးစွာဖြင့် အဝေးမှဖူးမြော်၊ လိုရာဆုကိုကြိုတောင်းကြမည်ဟု ထင်ပါသည်။ ကျွန်တော်သည်ပင် စေတီတော်မြတ်ကြီးကို မြင်တွေ့ရသည်နှင့် စိတ်ထဲကြည်နူးပျော်ရွှင်သွားမိသည်။ ဤကောင်းမှုတို့ကြောင့် စိတ်သွားတိုင်းကိုယ်ပါ၊ လှူနိုင်၊ တန်းနိုင်၊ သာသနာပြုနိုင်တဲ့သူ ဖြစ်ရပါလို၏။ သားရဲတိရစ္ဆာန် အဖျက်အဆီးမှန်သမျှ၏ရန်မှ ကင်းဝေးရပါလို၏ဟု ဆုတောင်းမိသည်။ ဆုတောင်းပြည့်သည်ဟု ဆိုရမည်ဖြစ်သည်။ ၁၃၂၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက်၊ ၁၉၆၆ ခု၊ နိုဝင်ဘာလ (၂၄) ရက်၊ ည (၇) နာရီခွဲ အချိန်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ (၅)၊ တပ်ရင်း (၁) မှ ရော်နယ်ခေါင်းဆောင်သော လက်နက်ကိုင်ကရင်လူဆိုး (၃၀) ခန့်က ကျိုက်ထီးရိုးဘုရားလမ်း၊ ရွှေရင်သာစခန်း၌ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာကြသော အပြစ်မဲ့ဘုရားဖူး (၁၀၀) ခန့်ထံမှ ပါသမျှပစ္စည်းများကို ကြမ်းကြုတ်စွာ လုယူကြသည့်အပြင် ဘုရားဖူးခရီးသည်များထဲမှ သီးသန့် လူမျိုးအလိုက် ရွေးချယ်ပြီး သာယာဝတီ၊ မင်းလှမြို့မှ အမျိုးသား (၅) ယောက်၊ ကရင်ပြည်နယ်၊ တံခွန်တိုင်ကျေးရွာအဖွဲ့နှင့် အတူပါလာသော မုဒုံမှ ကားသမား အမျိုးသား (၂) ယောက်၊ စစ်တောင်းကျေးရွာမှ အမျိုးသား (၁) ယောက်၊ ကျိုက်ထိုမြို့မှ အမျိုးသား (၁) ယောက်၊ အမျိုးသမီး (၁) ယောက်နှင့် မိန်းကလေးသုံးနှစ်အရွယ် (၁) ယောက်၊ စုစုပေါင်း (၁၁) ယောက်တို့အား သွေးအေးအေးဖြင့် သေနတ်ဖြင့် လူစိတ်ကင်းမဲ့စွာ ရက်ရက်စက်စက်ပစ်သတ်ခြင်း ခံခဲ့ရသဖြင့် တိုင်းပြည်၏သားကောင်းသမီးကောင်းများ အကျိုးမဲ့ သေဆုံးခဲ့ကြရပါသည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့များမှာ ရွှေရင်သာစခန်းမှ ဘုရားရင်ပြင်တော်ပေါ်သို့ ဆက်တက်ဖို့ဝေးစွ။ ကိုယ်အသတ်ခံရမည့်အချိန်ကိုစောင့်ရင်း ကျိုက်ထီးရိုးဆံတော်ရှင်စေတီမြတ်ကြီးအား အသက်အန္တရာယ်မှ ကင်းဝေးရပါလိုကြောင်း၊ လှူနိုင်တန်းနိုင်၊ သာသနာပြုနိုင်ရလိုပါကြောင်းသာ အကြိမ်ကြိမ်အခါခါ မျက်စိစုံမှိတ် ဆုတောင်းနေရတော့သည်။ သေနတ်သံ၊ ဆဲဆိုသံများ ငြိမ်သွားမှ မျက်စိကိုဖွင့်ကြည့်ရဲတော့သည်။ ကျိုက်ထီးရိုးဘုရားဖူးလမ်းသည် သိပ်ကျယ်လှသည်မဟုတ်။ ညဦးအချိန်မတော်ဖြစ်သော်လည်း သောင်းကျန်းသူများရန်ကို စိုးရိမ်သဖြင့် ကင်ပွန်းစခန်းဘက်ကို ပြန်ဆင်းပြေးကြရသည်။ ရင်ပြင်တော်ပေါ်တွင် သောင်းကျန်းသူများရှိနေသည်ဟုတွက်ဆပြီး ရင်ပြင်တော်ပေါ်သို့ မတက်ရဲကြ။ ကျွန်တော်တို့လည်း ဘုရားဖူးခွင့်မကြုံရတော့။ သို့သော် ကျွန်တော့်ဆုတောင်းများအနက် အဖျက်သမားတို့၏ သတ်ဖြတ်ခြင်းမှ အမေရော၊ ကျွန်တော်ပါ လွတ်ကင်းခဲ့ရသည်။

*မှတ်ချက်။*

*တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ဆုတောင်းပြည့်ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးဝန်းကျင်တွင် စာရေးသူတွေ့ကြုံရသော (၁၉၆၆ ခုမှ ၂၀၀၃ ခု) အတွင်း အတွေ့အကြုံထူးများအား ဆက်လက်ပြုစုရေးသားသွားရန် ရည်ရွယ်ထားပါသည်။*

မောင်စိုးထိုက်(သုံးဆယ်)